## Logical Functions

| Function | Example | Description |
|---|---|---|
| IF | =IF(A1>50,"PASS","FAIL") | If the value in A1 is greater than 50, return "PASS". If not, return "FAIL". |
| AND | =IF(AND(A1="MALE",B1>18),"LISTED","NOT") | If the value in A1 is "MALE" AND the value in B1 is greater than 18, return "LISTED". If not, return "NOT". |
| OR | =IF(OR(A1="GIRL",A1="WOMEN"),"FEMALE","OTHER") | If the value in A1 is "GIRL" OR "WOMEN", return "FEMALE". If not, return "OTHER". |
| NOT | =NOT(5+5=9) | If the condition is not true, return "TRUE". If not return "FALSE". |

အခြေအနေတစ်ခုပေါ်တွင် စဉ်းစားဆုံးဖြတ်ပြီးမှ ရလဒ်ထွက်ပေါ်လာစေခြင်းကို Logical Function အသုံးပြု၍ ပြုလုပ်နိုင်ပါသည်။ များသော အားဖြင့် "IF" ကို အသုံးပြုကြပြီး အခြေအနေတစ်ခုထက်ပိုပြီး ပေးလိုပါက "OR" သို့ "AND" ဖြင့် ချိတ်ဆက်ကြသည်။ ဥပမာ -

- **IF** (logical test, value if true, value if false)

  အမှတ် ၄၀ နှင့် အထက်ရရှိသူများကို စာမေးပွဲအောင် ဟုသတ်မှတ်ပြီး အခြားအမှတ်ရရှိသူများအား ရှုံးဟု သတ်မှတ်ချင်သည် ဆိုပါစို့။ အသုံးပြုသင့်သည့် Function မှာ - "=IF(B2>=40,"အောင်", "ရှုံး")"

  စစ်ဆေးရန်အခြေအနေ | မှန်လျှင် ပြုလုပ်မည့် အရာ | မှားလျှင် ပြုလုပ်မည့် အရာ

- **AND** (logical test1, logical test2, ….)

  လက်သည်းကွင်းအတွင်းတွင် ရှိသော အခြေအနေများအားလုံးနှင့် ကိုက်ညီ/မညီ စစ်ဆေးခြင်း ဖြစ်ပါသည်။ ဥပမာ - လပါတ်အမှတ်နှင့် စာမေးပွဲကြီး အမှတ် နှစ်ခုစလုံး အမှတ် ၄၀ နှင့် အထက်ရရှိသူများကိုသာ စာမေးပွဲအောင်သည် ဟုသတ်မှတ်ပြီး အခြားအမှတ်ရရှိသူများအား ရှုံးသည်ဟု သတ်မှတ်ချင်သည် ဆိုပါစို့။ အသုံးပြုသင့်သည့် Function မှာ -

  "=IF(AND(B2>=40,D2>=40),"အောင်","ရှုံး")"

  လပါတ်အမှတ်ရှိသော cell | စာမေးပွဲကြီးအမှတ်ရှိသော cell | အခြေအနေနှစ်ခုစလုံးနှင့် ကိုက်ညီမှ ပြုလုပ်မည့်အရာ

- **OR** (logical test1, logical test2, ….)

လက်သည်းကွင်းအတွင်းတွင် ရှိသော အခြေအနေ တစ်ခု (သို့) တစ်ခုနှင့် ကိုက်ညီ/မညီ စစ်ဆေးခြင်း ဖြစ်ပါသည်။ ဥပမာ - စာမေးပွဲကျရှုံးပါကလည်း လပါတ်အမှတ် (သို့) စာမေးပွဲကြီး အမှတ် တစ်ခုခုတွင် အမှတ် ၄၀ နှင့် အထက်ရရှိသူများကို ထပ်လောင်းစာမေးပွဲဖြေဆိုခွင့် ပြုမည် ဆိုပါစို့။ အသုံးပြုသင့်သည့် Function မှာ -

"=IF(OR (B2>=40,D2>=40),"ပြု ","မပြု")"

| လပါတ်အမှတ်ရှိသော cell | စာမေးပွဲကြီးအမှတ်ရှိသော cell | အခြေအနေတစ်ခု (သို့) တစ်ခုနှင့် ကိုက်ညီလျှင် ပြုလုပ်မည့်အရာ |

- **Nested IF** ("IF(logical test, if(logical test, true value, false vale), false vale)")

  IF အကြောင်းအရာတစ်ခုအတွင်းတွင် နောက်ထပ် IF တစ်ခု ထပ်ဖြည့်ရေးခြင်းဖြစ်ပါသည်။ ဥပမာ - လပါတ်စာမေးပွဲအောင်မြင်ပြီး စာမေးပွဲကြီးရမှတ်ကို ကြည့်ပြီး ဂုဏ်ထူးထွက်သူ၊ အောင်မြင်သူ၊ ကျရှုံးသူ စသဖြင့် ခွဲခြားချင်သည် ဆိုပါစို့။ အသုံးပြုသင့်သည့် Function မှာ -

| အရင်ဆုံး လပါတ် စာမေးပွဲအမှတ် ၄၀ ရ/မရ ကို စစ်သည် | လပါတ် ၄၀ ရလျှင် အပြာရောင် နှင့် အဝါရောင် ခြယ်ထားသော လုပ်ငန်းကို လုပ်ဆောင်မည်။ | လပါတ် ၄၀ မရလျှင် ရှုံးသည် ဟု သတ်မှတ်သည်။ |

"=IF(B2>=40,IF(D2>=80,"ဂုဏ်ထူး",IF(D2>=40,"အောင်မြင်","ရှုံး")), "ရှုံး")"

| ၈၀ ရလျှင် ဂုဏ်ထူး ဟု သတ်မှတ်သည်။ | ၈၀ မရလျှင် အဝါရောင်ကို လုပ်မည်။ | ၄၀ ရလျှင် အောင်မြင်သည် ဟုသတ်မှတ်သည်။ | ၄၀ မရလျှင် ရှုံးသည် ဟု သတ်မှတ်သည် |